# သတင်းကောင်းစာစောင်

## မာတိကာ


| | |
|---|---|
| ၁။ အသင်းတော်ကြီးထွားရန်၌ (ယခင်လမှအဆက်) | **Paul Winbert** |
| ၂။ ယုံကြည်သူနှင့် ကပြားပြဿနာ | Hosea |
| ၃။ အတူရှိနေတယ် (ကဗျာ) | ကြည်ထွန်းစံ (3M-၂၀၀၇) |
| ၄။ လုံခြုံမှု | စောနေထူး(ဦးတို) |
| ၅။ ဆာငတ်မှုရှိသူတိုင်းအတွက် (ကဗျာ) | ဘုန်း (တွံတေး) |

(ယခင်လမှအဆက်)

# "အသင်းတော်ကြီးထွားရန်၌. ."

**Paul Winbert**

ဤကျောင်းကို ဆရာ Board man နှစ်ခြင်းပေး၍အသက်တာပြောင်းလဲခဲ့သော ပထမဦးဆုံးကရင်လူမျိုး "ကိုသာဖြူ" ကိုဂုဏ်ပြုတည်ထောင်သောသာသနာပြုကျောင်းဖြစ်သည်။ စတင်တည်ဆောက်စဉ်က တိုင်ပေါင်း(၁၀၀)သစ်သားဆောင်ကျောင်းကြီးဖြစ်သဖြင့်"တိုင်တစ်ရာကျောင်း"ဟုလည်း ကျော်ကြားသည်။ သစ်သားကျောင်းဆောင်မှသုံးထပ်တိုက်ကျောင်းဆောင်သစ်ဆောက်လုပ်လာသည့်အခါ Pipe Organ ကိုပါ ထားရှိအသုံးပြုနိုင်သဖြင့်ကျော်ကြားမှုကိုပို၍ဖြစ်စေသည်။

ကိုသာဖြူသည် စာသိပ်မတတ်သောလူဆိုး၊ ဓါးပြ၊ ထောင်ကျရာဇဝတ်သားတစ်ဦးဖြစ်သော်လည်း အသက်တာအမှန်ပြောင်းလဲသဖြင့် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောအမှုတော်ဆောင်ကောင်းတစ်ဦးပေါ်ထွန်းထင်ရှားမှုဖြစ်စေခဲ့သည်။

စာရေးသူခံစားရသမျှ ဆက်လက်ဖော်ပြရလျှင် ၁၉၄၉ ခုနှစ် ပြည်တွင်းဆူပူမငြိမ်မသက်ဖြစ်လျှက် ရန်ကုန်အစိုးရဟုဖြစ်နေချိန်မှာ အမေရိကန်သာသနာပြုဆရာ စားဝပ် ( Erville Sowards ) သည်လုံခြုံရာ ရန်ကုန်မှာမနေ၊ အမေရိကန်သို့လည်း မပြန်၊ နွေအခါ ဖုံတထောင်းထောင်း၊ မိုးအခါ ရွှံ့ဗွက်၊ ပေါင်မုန့်ထောပတ်မရှိသော တကူဆိပ်ရွာ၌ စီးရန်ဘီနပ်မရှိ၊ ဓနိမိုးဝါးထရံအိမ်ကလေးမှာ နေထိုင်ခဲ့ပုံနှင့်၊ သူနှင့်ဆုံတွေ့တိုင်း ဖော်ရွှေစွာပြုံးပြပုံများကို လွန်ခဲ့သောကလေးဘဝခံစားရမှုများကိုပြန်လည်သတိရကြည်နူးမိသည်။

တဖန်စာရေးသူသည် ကျောင်းသားဘဝမှအစ စာတိုက်နှင့် ကြေးနန်းဌာနသို့အလုပ်ဝင်သည့်အခါသာမက၊ အကြောင်းကြုံတိုင်း ဘာသာဝင်ဖော်ပြမှုကို ခရစ်ယာန်ဟုအမြဲဖော်ပြလျှက်ရှိသည်။ဤကဲ့သို့ရပ်တည်ဖော်ပြပါသော်လည်း တနေ့မှာအခြားဘာသာရေးအသင်းအဖွဲ့တခုမှအမှုဆောင်လူကြီးရွေးချယ်တင်မြောက်ခြင်းခံခဲ့ရသည်။ ကျွန်တော်သည် ထိုတာဝန်ကိုလက်မခံဘဲချက်ခြင်းနှုတ်ထွက်လွှာတင်၊ နှုတ်ထွက်ခဲ့သည်။ ခရစ်ယာန်တဦးပီသမှုကိုပြသခဲ့သည်။

ဤကဲ့သို့သွားလာကျင်လည်ခဲ့သဖြင့်မိမိသည် ခရစ်တော်၌တည်ပြီး အသက်တာပြောင်းလဲသည်ဟု ကျေနပ်နေချိန်မှာ မိမိအသက်တာမပြောင်းလဲကြောင်း လုံးဝမရိပ်စားမိချေ။ အထက်တနေရာမှာဆိုထားသည့်အတိုင်း စာတန်က ကျေနပ်မှုပေးထားခြင်းထဲ၌နစ်မွန်းနေသည်ကို မသိလိုက်ပေ။



THE NEW KO THA BYU HALL

သို့သော် ၁၉၉၅ ခုနှစ် အသက် ၅၁ နှစ်အရွယ်ကျမှ အရှင်ယေရှုခရစ်တော်၏ကယ်တင်ခြင်းအကြောင်းတစ်ပတ်တာသင်တန်းအားဖြင့် ကြားနာပြီး ငါ့ကိုလည်းကယ်တင်ပါတကားဟု ရှင်းရှင်းလင်းလင်း ဂဂနန သိရှိခံယူလိုက်သည့်အခါကျမှ ရှေ့ကနေ့ရက်ကာလတို့၌ငါသည် ခရစ်တော်၌မတည်ခရစ်ယာန်တယောက်မဟုတ်၊ ခရစ်ယာန်အယောင်ဆောင်သော ခရစ်ယာန်တဦးသာဖြစ်ကြောင်းသိလာသည့်အခါ အလွန်ရှက်မိသည်။ ထိုအရှင်ကိုလည်း အတော်အားနာမိသည်။ ဆင်ခြင်စရာ၊ သွန်သင်ချက်က ခရစ်ယာန်ရွာမှာ မွေးဖွားကြီးပြင်းပြီး သာသနာပြုကျောင်းမှာနေ၊ သာသနာပြုဆရာကြီးများ၏အသက်တာကိုရှု့မြင် အားရကြည်နူး၊ မိမိကိုယ်ကို ခရစ်ယာန်ပါဟုရပ်တည်ကြွေးကြော်ယုံနှင့် ခရစ်တော်၌တည်သောခရစ်ယာန်ဖြစ်မလာသည်ကို သင်ခန်းစာယူရန်ဖြစ်သည်။

ဤသို့ဆိုလိုက်သဖြင့်မိမိမွေးဖွားကြီးပြင်းခဲ့သော ဇာတိရွာ၊ နေခဲ့သောသာသနာပြုကျောင်း၊ ထိတွေ့ဖြတ်သန်းကျင်လည်ခဲ့မှုများကို အပြစ်တင်ရှုတ်ချဖေါ်ညွှန်းလိုရင်းလုံးဝမဟုတ်ဘဲ၊မိမိအသက်တာပြောင်းလဲခြင်းထူးခြားမှုရှိသည်ကိုသာ ရည်ညွှန်းလို၍ဖြစ်သည်။ အသက်တာကိုပြောင်းလဲပေးသောအရှင်ယေရှုခရစ်တော်၏ပြုပေးလိုက်သော ကယ်တင်ခြင်းအမှုသည် ခန္ဓာ၊ စိတ်၊ ဝိညာဉ်ကယ်တင်ပြီးကြောင်း ထင်ရှားစေသောလက္ခဏာ အံ့သြအံ့သြဘွယ်ရာ ခံစားလာခဲ့ရသည်။

အလွန်စွဲလမ်းသော ကွမ်း၊ အရက်ချက်ခြင်း ပြတ်သွားသည်။ အသက်တာပြောင်းလဲချိန်၌ အသဲရောင်အသားဝါ **Hepatitics B** ပိုးရှိသဖြင့် (၆)လအတွင်း ရောဂါပြင်းထန်ဆက်လက်အသက်ရှင်ရန်မရှိကြောင်း၊ လူ့ဘက်မှခံယူမှုများကို ဘုရားရှင်ကယ်မထား၍၊ ယခုအထိ ဝမ်းမြောက်စွာ အသက်ရှင်နေရခြင်း အံ့သြဘွယ်ရာ ဖြစ်စေသည့်အခါ၊ အသင်းတော်၌ သင်းဝင်ခြင်းကိုစဉ်းစားဆုံးဖြတ်လာသည်။ အသင်းတော်၌ဆက်ကပ်ပါဝင်ခြင်းကို အလေးထားဦးစားပေးလာသည်။အသင်းတော်ကြီးထွားခြင်းကို တွေ့လိုစိတ်တဖွားဖွားဖြစ်လာသည်။ စာရေးသူ ပါဝင်နေသော ရန်ကုန်-၁ အသင်းတော်သည် ကြီးမားသော အသင်းတော် **(Mega Church )** ဖြစ်လာရေး ရူပါရုံကို ဝမ်းမြောက်စွာကြိုဆိုသည်။

ကျွန်ုပ်တို့၏ တိုင်းနိုင်ငံ၌ကြီးမားသောအသင်းတော် မရှိသေးသော်လည်း ပြည်ပမှာရှိနေသောအသင်းတော်များကိုလှမ်းကြည့်လိုက်သည့်အခါ အားရကျေနပ်မိသည်။ အိမ်နီးနားချင်း နိုင်ငံများဖြစ်သော စင်္ကာပူ၊ အင်ဒိုနီးရှားနှင့် တောင်ကိုးရီးယားနိုင်ငံတို့ ၌ကြီးမားသောအသင်းတော်ပေါ်ထွန်းနေပြီးဖြစ်သည်။ တောင်ကိုးရီးယားဆိုးလ်မြို့ပေါ်တွင် ကြီးမားသောအသင်းတော်အပါး ၂၀ ခန့်ပေါ်ထွန်းနေပြီး ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုကယ်လီဖိုးနီးယားပြည်နယ်မှ **RICK WARREN** တည်ထောင်သော **Saddle Back** အသင်းတော်ကို အထူးအားကျမိသည်။

ဤအသင်းတော်သည် အချိန်တိုတိုနှင့် အမြန်ဆုံးကြီးမားသောအသင်းတော်ဖြစ်လာသည်။ ဤအသင်းတော်သည် ဤကဲ့သို့မြန်မြန်ကြီးထွားလာရခြင်း သော့ချက်သည် သင်းအုပ်ဆရာနှင့် ယုံကြည်သူများသည်အသင်းတော်ထားရှိသော ရူပါရုံနှင့်လုပ်ငန်းစဉ်များကို စိတ်အားထက်သန်စွာ ကြိုးပမ်းလုပ်ဆောင်ခြင်းကြောင့်ဖြစ်သည်။ သူတို့ခံယူလုပ်ဆောင်အောင်မြင်လျှက်သက်သေထင်ရှားသော မဟာဗျူဟာ (၅)ရပ်မှာ- **( A Proven five- Part Strategy )** ကိုခံယူဖေါ်ညွှန်းလိုသည်။ ၄င်းတို့မှာ -

**Churches grow warmer through fellowship**
**Churches grow deaper through discipleship**
**Churches grow stronger through worship**
**Churches grow broader through ministry**
**Churches grow larger through evangelism**

အသင်းတော်များသည် မိဿဟာယအားဖြင့် သာ၍နွေးထွေးလျှက် ကြီးထွားသည်။အသင်းတော်များသည် တပည့်တော်အစေခံသောအားဖြင့် သာ၍နက်ရှိုင်းလျှက်ကြီးထွားသည်။အသင်းတော်များသည်ကိုးကွယ်ခြင်းအားဖြင့် သာ၍သန်စွမ်းလျှက်ကြီးထွားသည်။ အသင်းတော်များသည် အမှုတော်မြတ်အားဖြင့် သာ၍ကျယ်ဝန်းလျှက် ကြီးထွားသည်။ အသင်းတော်များသည် ဧဝံဂေလိအားဖြင့် သာ၍ကြီးမားလျှက် ကြီးထွားသည်။

အထက်ပါခံယူစရာနည်းလမ်းများသည် အသင်းတော်များနယ်ပယ်၊ ယုံကြည်သူများနယ်ပယ်တို့၌အလှမ်းဝေးစိမ်းကားသောနည်းလမ်းများမဟုတ်ပါ။ ခံယူကျင့်သုံးခြင်း၊မကျင့်သုံးခြင်းအပေါ်၌သာတည်ကြောင်း သုံးသပ်စရာရှိသည်။ ဤနည်းလမ်းဖေါ်ညွှန်းရခြင်းသည် သူတို့ထံမှာ အောင်မြင်လျှင်ငါတို့ထံမှာလည်း အောင်မြင်

မည်ကို ခံယူစေလို၍ဖြစ်သည်။

အောင်မြင်မှုအတွက် အခက်အခဲ၊ အဟန့်အတားများရှိတတ်စမြဲဟု ခံယူရန်ရှိသော်လည်း အခက်အခဲတကာ့ အခက်အခဲတို့သည် ဆရာယုဒသန်၊ ဦးနောနှင့် ကိုသာဖြူတို့တွေ့ကြုံနေရသောအခက်အခဲတို့ထက်မကြီးကျယ်ပါဟုဆိုချင်သည်။ ဆရာယုဒသန်သည်သေသည်အထိ အခက်အခဲပြဿနာပေါင်း များစွာခံယူသွားသူဖြစ်သည်။ ဦးနောနှင့် ကိုသာဖြူ တို့သည်လည်း မျှဝေခံစားသွားသူများဖြစ်ကြသည်။

ဤနေရာတွင် ဦးနောတွေ့ကြုံခဲ့ရသော အခက်အခဲကို စံထားဖော်ပြလိုသည်။ သူသည် အရှင်ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ပိုင်ရှင်နှင့် အရှင်သခင်ဟု ခံယူဝန်ခံပြီးဆိုလျှင် ဗတ္တိဇံခံယူရန် ဆန္ဒပြင်းပြစိတ်အား ထက်သန်လျှက် ရှိသည်။ ဗတ္တိဇံခံယူရန်ကိုသာပူဆာသည်။ ဆရာယုဒသန်က ဗတ္တိဇံပေးရန်အခြေအနေအရပ်ရပ်ကိုစဉ်းစားသုံးသပ်သည်။ ထိုအချိန်၊ ထိုအခါမှာ မြန်မာ (ဗမာ)လူမျိုးတဦးအနေဖြင့် အလွန်ကြီးမားသောအန္တရာယ်ပြဿ နာဖြစ်သည်။ အကယ်၍ဗတ္တိဇံပေးလိုက်သဖြင့်ထိုသတင်းသည်နန်းတော်တွင်းဘုရင့်နားပေါက်ကြားသွားလျှင် ဦးနောဆိုသောမောင်နောသည် အဘယ်အမှုန့်ဖြင့်မျောပြီး၊ အဘယ်သောင် အဘယ်ကမ်းဆိုက်မည်ကိုသော်လည်းကောင်း၊ ဆရာယုဒသန်သည်လည်း အဘယ်သန်လျှက်၊ အဘယ်ထားဖြင့် တွေ့ပြီး အဘယ်ငှက်အစာဖြစ်မည်ကိုသော်လည်းကောင်း စာရှု့သူတို့ တွေးမြင်နိုင်သည်။

သို့သော်မောင်နောသည် လုံးဝကြောက်လန့်ခြင်းမရှိ၊ အသက်သေရလျှင် သေပါလေစေ။ ယုံကြည်ခြင်းဖြင့်သာ အသက်ရှင်လိုသဖြင့် မှောင်မိုက်သောညသန်းခေါင်အချိန်၌ကွယ်ရာ တနေရာမှာ ဗတ္တိဇံခံယူသော ပထမဦးဆုံးသော မြန်မာတစ်ဦးဖြစ်လာခဲ့သည်။သို့သော်ရေထဲပေါ်ထလာသောအခါအသင့်ချောင်းမြောင်းစောင့်ကြည့်နေသော သူတို့သည် တုတ်ထားမိုးလျှက်အန္တရာယ်ပြုရန် ချဉ်းကပ်လာကြသည့်အခါဘုရားသခင်၏လူဆရာယုဒသန်၏မျက်နှာနှင့် ဘုရားသခင်၏ကယ်မမှုအားဖြင့် မောင်နောသည်အသက်မသေဘဲ ဦးနောအသက်တာသို့ တက်လှမ်းခဲ့သည်။ ဤကဲ့သို့ကြီးမားသောအခက်အခဲပြဿနာတံခါးကိုဆရာယုဒသန်၊ ဦးနောနှင့် ကိုသာဖြူတို့အားဖြင့် ကျော်လွှားခဲ့ရပြီး ဖြစ်သဖြင့် ယခုအချိန်သည် သက်တောင့်သက်သာ တံခါး တနည်းကား သက်သောင့်သက်သာ အခြေအနေ ( Comfort Zone ) ထဲသို့ဝင်စားနေရပြီဟု ခံယူရမည်ဖြစ်သည်။

ထို့ကြောင့် ဤအချိန်အခါသည် အသင်းတော်များတည်ထောင်ကြီးထွားခြင်းတို့ကို အာရုံစူးစိုက်ရှုပါရုံထားဆက်ကပ်လုပ်ဆောင်ရန် အကောင်းဆုံးအချိန်ဖြစ်သည်။ အသင်းတော်အသီးသီးထဲ၌ (၁) ဘုရားသခင်တည်းဟူသော နှုတ်ကပတ်တော် (၂) လုပ်ဆောင်ရန်နည်းဗျူဟာကောင်းများ (၃) တန်ဆာပလာအဖြစ်အသုံးချနေသောလူ (ယုံကြည်သူ)များတည်းဟူသော သုံးလွန်းတင်သောကြိုးကဲ့သို့ရှိနေသည်ဆိုလျှင် ခိုင်မြဲတည်ကြည်လျှက် အောင်မြင်ရန် သေချာ



THE PIPE ORGAN AT THE NEW KO THA BYU HALL

နေပြီဖြစ်သည်။

သို့သော် အသင်းတော်အသီးသီးတို့၌ ထိုသုံးလွန်းတင်သောကြိုးကဲ့သို့ ရှိပါလျှက် မအောင်မြင်ဘဲရှိနေသည်ဆိုလျှင် တနေရာရာမှာ လွဲမှားမှု၊ လိုအပ်မှုရှိနေပြီဟုဆင်ခြင်သုံးသပ်ရန်ရှိသည်။တွေ့ရှိမှုအပေါ်အားမနာတမ်းဝန်ခံပြုပြင်ခြင်းဖြင့်အသင်းတော်ကြီးထွားရန်၌ . . . နှုတ်ကပတ်တော်ခေါင်းပါးလျှင် ပြန်လည်ပြန့်ပွားခြင်း၊ နည်းဗျူဟာ ကောင်းမရှိသေးလျှင် ခံယူထူထောင်ခြင်း၊ လူ(ယုံကြည်သူ)တို့၏ဖြောင့်မတ်ခြင်းကို ဖျက်ဆီးနေသော တွေဝေခြင်း၊ ရှောင်လွဲခြင်း၊ ပျင်းရိခြင်း၊ ထောင်လွှားခြင်း၊ မုသာ၌တည်ခြင်းနှင့် စိတ်ရော၊ ကိုယ်ပါမလုပ်ဆောင်လိုခြင်းသဘောထားများကို စွန့်ထားပယ်ရှားပြီး အမှုတော်မြတ်၌ဝမ်းမြောက်စွာဆောင်ရွက်ခြင်းဖြင့် ကြီးမားသောအသင်းတော်များစွာ ထူထောင်ကြရအောင်ဟု အရှင်ယေရှုနာမ၌တိုက်တွန်းဝေဌအဆုံးသတ်အပ်ပါသည်။ ဘုရားသခင်ကောင်းကြီးပေးပါစေ(နေ့စွဲ၊ ၁၆. ၃. ၀၇)

ကိုးကား။ ။ **Operation World By PATRICK JOHNSTONE PURPOSE DRIVEN CHURCH BY RICK WARREN BURMA AND THE KARENS BY DR. SAN C. PO**

# " ယုံကြည်သူနှင့် ကပြားပြဿနာ "

Hosea

ကျွန်ုပ်တို့ရှင်သန်နေထိုင်ရာ ပတ်ဝန်းကျင်နေရာဒေသအသီးသီးတွင် လူမျိုးစုတစ်စုနှင့်တစ်စု၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံကူးလူးဆက်ဆံကြရာမှ ကပြားလူတန်းစားတရပ်ပေါ်ပေါက်လာကြသည်။ ဥပမာဆိုရသော် ကရင်နှင့်ဗမာပေါင်းစပ်၍ ကရင်ဗမာကပြား၊ တရုတ်နှင့်ရှမ်းပေါင်းစပ်၍ ရှမ်းတရုတ်ကပြား၊ ရှမ်းနှင့်ကုလားပေါင်းစပ်၍ ရှမ်းကုလားကပြား စသည်အားဖြင့် ကပြားပေါင်းများစွာရှိကြသည်။ ထိုအထဲတွင် အထူးဆန်းဆုံးကပြားတမျိုးမှာ 'ခရစ်ယာန်ကပြား' ပင်ဖြစ်သည်။ မြန်မာပြည်အလယ်ပိုင်းနေရာဒေသတချို့မှ ယုံကြည်သူနှင့် မ ယုံကြည်သူမညီသောထမ်းပိုးကိုထမ်းလျှက်စုံဖက်ပေါင်းသင်းခြင်းမှအကြင်'ခရစ်ယာန်ကပြား'တည်းဟူသော ဝေါဟာရပေါ်ပေါက်လာရသည်။ သို့သော် သတိချပ်သင့်သည်မှာ ခရစ်ယာန်တွင် ကပြားမရှိပါ။ (ရှိလည်း မရှိသင့်ပါ)။ ရှိလျှင်လည်း မိတ်ဆွေ၏ကယ်တင်ခြင်းနှင့် ယုံကြည်ခြင်းကို ပြန်လည်ဆန်းစစ်ရန်လိုအပ်ပေသည်။ ခရစ် ယာန်အသက်တာ၏အခြေခံအုတ်မြစ်မှာ ခရစ်တော်ကို မိမိ၏ကယ်တင်ပိုင်ရှင်အဖြစ်ယုံကြည်သက်ဝင်ခြင်းပင်ဖြစ်သည်။ ယုံကြည်ခြင်းဆိုသည်မှာ ကြားနေဝါဒကျင့်သုံး၍မရပါ။ (ယော၊ ၃း၁၈) "သားတော်ကိုယုံကြည်သောသူသည်အပြစ်စီရင်ခြင်းကိုမခံရ။ မယုံကြည်သောသူမူကား ဘုရားသခင်၌တပါးတည်းသောသားတော်ကိုမယုံကြည်သောကြောင့် ယခုပင်အပြစ်စီရင်ခြင်းကိုခံရ၏" ကျမ်းစာကပြောနေသည်မှာ ရိုးရိုးလေးပင် ခရစ်တော်ကိုယုံလျှင် ထာဝရအသက်ရမည်။ မယုံလျှင်ထာဝရပျက်စီးခြင်းဖြစ်မည်။ မယုံတဝက်၊ ယုံတဝက်တို့၊ ယုံကြည်ဟန်ဆောင်နေခြင်းတို့က ထာဝရပျက်စီးခြင်းသို့ရောက်ရမည့်လားရာပင်ဖြစ်သည်။ ခရစ်ယာန်တို့၏ယုံကြည်သက်ဝင်မှုတွင် ကြားနေဝါဒနေထိုင်၍မရပါ။ ဓမ္မဟောင်းကာလ ဘုရားသခင်၏ဣသရေလလူမျိုးတော်အပေါ် တောင်းဆိုမှုများကို လေ့လာလျှင်လည်း ရှင်းလင်းစွာသိနိုင်ပါသည်။ (ဝတ်၊ ၂၀း၂၂-၂၄၊၂၆) "သင်တို့ကိုငါပို့ဆောင်၍နေရာချသောပြည်သည် မအော့အန်စေခြင်းငှါ၊. . . ငါသည် သင်တို့ကိုအခြားသောအမျိုးနှင့်ခွဲထားသောသင်တို့ဘုရားသခင်ထာဝရဘုရားဖြစ်တော်မူ၏။ . . ငါသည်ထာဝရဘုရားသန့်ရှင်းသည်ဖြစ်၍၊သင်တို့ကိုငါအလိုရှိသဖြင့်၊အခြားသောအမျိုးနှင့်ခွဲထားသောကြောင့်၊ ငါ့အဘို့သန့်ရှင်းခြင်းရှိရကြမည်။ "ထိုအရာကဘာ ကိုဆိုလိုသနည်း၊ ဣသရေလလူမျိုးကို အရော အနှောသဘာဝနှင့် ရှင်သန်နေထိုင်ရန်အကြံအစည်တော်မရှိကြောင်း ငါ့အဘို့တည်း

ဟူသော ( SET APART ONLY FOR GOD ) သီးခြားနေထိုင်ခြင်း၊ သန့်ရှင်းခြင်းအသက်တာနှင့်သူ့အတွက် ဆက်ကပ်နေထိုင်ရန်တောင်းဆိုထားခြင်းဖြစ်သည်။ ဘုရားသခင်က သူရွေးကောက်ထားသော လူမျိုးတော်နှင့်အခြားလူမျိုးသွေးနှော၍ ကပြားဖြစ်သွားရန်မလိုလားခဲ့ပေ။ ဘုရားသခင်က လူကပြားကိုမနှစ်သက်ရုံမျှမက 'ဝတ်၊ ၁၉း၁၉ တွင် ငါ၏ပညတ်တရားကို သင်တို့သည် စောင့်ရကြမည်။ အမျိုးခြားသော တိရိစ္ဆာန်အထီးအမတို့ကိုမရက်တင်စေရ၊ ခြားနားသောမျိုးစေ့ကိုရောနှော၍လယ်၌မကြဲရ။ ဝါနှင့်သိုးမွေးရော၍ရက်သောအဝတ်ကိုမဝတ်ရ။' ဟူ၍ပင်ထပ်မံ၍ပညတ်ထားပါသေးသည်။ တိရိစ္ဆာန်ကပြား၊ မျိုးစေ့ကပြား၊ အဝတ်ကပြား သက်ရှိသက်မဲ့အရာအားလုံးအရောအနှောဖြစ်ခြင်းကပြားဖြစ်ခြင်းကိုပင်မနှစ်မြို့ပါ။ (အဝတ်ကပြားဟူဆိုရာတွင် မျက်မှောက်ခေတ်ယုံကြည်သူတွေအနေနှင့်ယုံကြည်သူပီသစွာဝတ်စားဆင်ယင်ခြင်းရှိဖို့ရန် ပုံဆောင်ချက်ပင်ဖြစ်သည်။ လောကသားများကဲ့သို့အဖေါ်၊ အဟိုက်၊ အခွဲများစွာပါသောအန္တရာယ်ကိုဖိတ်ခေါ်သော ဝတ်စားဆင်ယင်မှုမျိုး၊ ယုံကြည်သူအမျိုးသမီး ငယ်များဝတ်စားဆင်ယင်မှုမှရှောင်ကြဉ်သင့်ကြသည်။အဝတ်အစားခေတ်မှီစွာဝတ်ဆင်တာကောင်းပါ သည်။ ခေတ်ရှေ့ပြေးတာတော့မကောင်းပါ)ဘုရားသခင်မနှစ်သက်ဆုံးသောကပြားကို ပြရမည်ဆိုလျှင်ယုံကြည်ခြင်းအရာ၌ ကပြားဖြစ်နေခြင်း ပင်ဖြစ်သည်။ ၂ကော၊၆း၁၄ တွင် ကနဦးအသင်းတော်ယုံကြည်သူများသို့ 'မယုံကြည်သူတို့နှင့်တွဲဘက် ၍ဆန့်ကျင်ဘက် ဖြစ်သောထမ်းဘိုးကိုမထမ်းကြနှင့်၊ တရားသောအမှုသည် မတရားသောအမှုကိုအဘယ်သို့လက်ခံနိုင်မည် နည်း။ အလင်းသည်မှောင်မိုက်နှင့်အဘယ်သို့ဆက်ဆံနိုင်သနည်း။' ဟု ရှင်ပေါလုကပြတ်သားစွာပညတ်ထားလျှက်ရှိသည်ကိုလည်းတွေ့နိုင်သည်။ အဘယ်ကြောင့်နည်းဟူမူကား (ထွ၊ ၃၄း ၁၅၊ ၁၆) 'သင်သည် ထိုပြည်သူပြည်သားတို့နှင့် မိဿဟာယ. . . သင်သည် သူတို့သမီးများကိုယူ၍၊ ကိုယ်သားတို့နှင့်ထိမ်းမြားပေးစားသဖြင့် . . . ထိုဘုရားတို့ကနှင့်မှားယွင်းစေမည်ဟူ၍ငှင်းစိုးရိမ်စရာရှိ၏။'

တရား၊ ၇း၃၊၄ 'သူတို့နှင့်စုံဘက်ခြင်းကိုမပြုရ။ . . . ထိုအခါ အမျက်ထွက်၍သင်တို့ကို ချက်ခြင်းဖျက်ဆီးတော်မူလိမ့်မည်။' ထိုအချက်ကို နာခံခြင်းမရှိခဲ့၍ သေဘေးနှင့်ကြုံတွေ့ရသူ ရှေလောမိတ်၏ သားအကြောင်းကျမ်းစာက မှတ်တမ်းတင်ထား လျှက်ရှိသည်။ (ဝတ်၊ ၂၄း၁၀-၁၄) အဲဂုတ္တုလူနှင့်ဣသရေလမိန်းမရ၍၊ ဣသရေလအမျိုးသားတို့နှင့် အတူလိုက်လာသော သားတယောက်သည် တပ်ထဲမှာ ဣသရေလလူနှင့်ရန်တွေ့သဖြင့် နာမတော်ကိုပြစ်မှားလျှက် ကျိန်ဆဲလေ၏။ ထိုသူ၏ အမိကား၊ ဒန်အမျိုး၊ ဒိဗရိအမျိုး ရှေလောမိတ် ဖြစ်သည်။ ပြစ်မှားသောသူကိုမောရှေထံသို့ဆောင်ယူခဲ့၍ ထာဝရဘုရား၏အလိုတော်မသိမှီတိုင်အောင် ချုပ်ထားကြ၏။ ထာဝရဘုရားကလည်းကျိန်ဆဲသောသူကို တပ်ပြင်သို့ဆောင်သွား၍ . . . ပရိသတ်အပေါင်းတို့သည် ကျောက်ခဲနှင့်ပစ်ကြစေ။ (တော၊၂၅း၁၉) ထိုကဲ့သို့ပေါင်းသင်းဆက်ဆံကြမှုကြောင့် ဣသရေလလူနှစ်

> **ဘုရားသခင်က ...**
>
> **သူရွေးကောက်ထားသော**
>
> **လူမျိုးတော်နှင့်အခြားလူမျိုး**
>
> **သွေးနှော၍ ......**
>
> **ကပြားဖြစ်သွားရန်**
>
> **မလိုလားခဲ့ပေ။**

သောင်းလေးထောင် သေကြေပျက်စီးခဲ့ရသလို (တော၊၂၅း၁၄၊၁၅) တွင်လည်း ရှိမောင်အမျိုးဇိမရိသည် မိဒျန်မိန်းမကောဇဘိနှင့်ပေါင်းသင်းခဲ့၍ အသေသတ်ခြင်းခံခဲ့ရကြောင်း တွေ့ရပြန်သည်။ ဓမ္မဟောင်းကာလ၌ဖြစ်စေ၊ ဓမ္မသစ်ကာလ၌ဖြစ်စေ ဘုရားသခင်ကမညီသောထမ်းပိုးထမ်းကြခြင်းကို တားမြစ်ထားသည်။ သို့သော်ဝမ်းနည်းစရာကောင်းသည့်အချက်မှာ မျက်မှောက်ခေတ်ယုံကြည်သူ အချို့တို့သည် ထိုကဲ့သို့ မညီသောထမ်းပိုးထမ်းခြင်းကိစ္စနှင့် ပတ်သက်၍၊ ဘာခံယူချက်ဘယ်လိုယုံကြည်ချက်မျိုးမှမရှိဘဲ ပစ္စလက္ခကျူးလွန်၊ ရက်ရက်ရောရော ချိုးဖေါက်လေ့ရှိကြသည်။ ထိုသို့ ကျူးလွန်နိုင်ရန်လည်း အချို့အချို့သော အသင်းတော်ခေါင်းဆောင်ကြီးများထံတွင် MIX MERRAGE အက်ဥပဒေ ပြင်ဆင်ပေးလျှက် တရားဝင်ထိမ်းမြားလက်ထပ်ခွင့်လိုင်စင်ယူနေကြသည်မှာ ဘုရားသခင်၏အကြံအစည်နှင့်လုံးဝလွဲချော်နေကြခြင်းပင်ဖြစ်သည်။ ထိုဘာသာရေးလွတ်လပ်ခွင့်မှာ စာတန်၏လှည့်ကွက်တခုဖြစ်ကြောင်း သူတို့သဘောမပေါက်ကြ။ ထိုလိုင်စင်ရကြသည်ကိုပင် ဘုရားသခင်၏ ကျေးဇူးတော်သဖွယ် သတ်မှတ်နေကြသည်မှာ အံ့သြစရာပင်ဖြစ်သည်။ ထိုလျော့တိလျော့ရဲ ယုံကြည်ခြင်းအပေါ်တွင် အခြေခံ၍ဖြစ်ပေါ် လာသောအခွင့်အလမ်းသည် ယုံကြည်သူတွေ၏ယုံကြည်ချက်နှင့်လူမှုရေး၊ စာရိတ္တပိုင်းဆိုင်ရာအတွက်ကောင်းသောအလားအလာ မဟုတ်ပါ။ အချို့သော ယုံကြည်သူများက (၁ကော၊ ၇း၁၂-၁၆) တွင် ပါရှိသော ရှင်ပေါလုပေးခဲ့သည့် ပညတ်

ချက်အရ မယုံကြည်သူနှင့် ယုံကြည်သူထိမ်းမြားလက်ထပ်နိုင်ကြောင်း ထောက်ပြဆွေးနွေးလေ့ရှိသည်။ သို့သော်ထို ကျမ်းချက်မှာ မညီသောထမ်းပိုးကိုထမ်းမိလျှက်သား၊ ထမ်းပြီးသူများနှင့်သာစပ်ဆိုင်သောအရာ ဖြစ်သည်ကို သတိချပ်သင့်သည်။ လက်ထပ်ထိမ်းခြားခြင်းမပြုရသေးသော ယုံကြည်သူလူငယ်မောင်မယ်များနှင့် လုံးဝစပ်ဆိုင်သောအရာမဟုတ်ပါ။ ရှင်ပေါလုကလည်း ထိုကဲ့သို့ လက်ထပ်ထိမ်းမြားနိုင်ကြောင်း ထပ်မံ၍ တလုံးတပါဒမျှ တိုက်တွန်းထားခြင်းမရှိပါ။

တချိန်က ရွှေလီရတနာရွှေဆိုင်ကြော်ငြာလေးတခု မိတ်ဆွေမှတ်မိပါ၏လော? ဒွေးနှင့်ထက်ထက်မိုးဦးတို့သရုပ်ဆောင်ထားကြသည်'ကျွန်မကိုချစ်ရင် မောင်ကြီးရယ်ဝယ်ပေးပါနော်'၊ 'ငါ့မှာရှိတဲ့ပိုက်ဆံလေးနဲ့. . နောက်ဆုံး ဒွေးပြောသွားသည့် စာသားလေးကအဘယ်သို့နည်း။ 'မောင်ကြီးအချစ်ကို ရွှေလီမှာပဲသက်သေထူပါ့မယ်' ဟူ၍ပင် ဖြစ်သည်။'မောင်ကြီးအချစ်ကို ရွှေလီမှာ သက်သေထူတာတော့ကောင်းပါသည်' 'မောင်ကြီးအချစ်ကို ဗတ္တိဇံနှင့်သက်သေမထူမိပါစေနှင့်' ဟု သတိပေးပါရစေ။ ခေတ်ကာလသားသမီးများကယ်တင်ခြင်းသဘော မပေါက်၊ ကယ်တင်ခြင်းမရောက်ဘဲဗတ္တိဇံခံကာ၊ လက်ထပ်ထိမ်းမြားခြင်းအမှုပြုကြသည်။ ချစ်သောညီအကိုမောင်နှမတို့ ချစ်ခြင်းမေတ္တာကိုခုတုံးလုပ်ပြီး ဘာသာရေးလွန်ဆွဲပွဲလုပ်နေကြသည်မှာ မိမိအသက်တာ၊ မိမိမိသားစု၊ မိမိပတ်ဝန်းကျင်၊ မိမိအသင်းတော်အတွက်ကောင်းသောအလား အလာမဟုတ်ပါ။

အသင်းတော်၏ ဝိညာဉ်ပိုင်းဆိုင်ရာ၊ ယုံကြည်ခြင်းနှင့် ခံယူချက်ပိုင်းဆိုင်ရာ ကျဆင်းနေခြင်းပင်ဖြစ်သည်။ ဆလွန်းကားကို လယ်ထွန်စက်ဘီးတပ်မောင်း၍ ဘယ်လိုမှအဆင်ပြေနိုင်မည်မဟုတ်ပါ။ (က၊ ၂း၂၄၊၂၅။ မ၊၁၉း၄-၆။ ဧ၊ ၅း၃၁) တွင်ပါရှိသော ဘုရားသခင်၏အကြံအစည်တော်ဖြစ်သည့် တသားတကိုယ်တည်း၊တလုံးတဝတည်း ဟန်ချက်ညီစွာ ရှင်သန်နေထိုင်မှု ဆိုသည့်အ ရာကို အိမ်ထောင်မိသားစုအတွင်း အကောင်အထည်မဖေါ်နိုင်လျှင် အနှစ်သာရကင်းမဲ့သော ခရစ်ယာန်အိမ်ထောင် မိသားစုသာဖြစ်လျှက် အိမ်ထောင်ရေးမည်သို့မျှသာယာနိုင်မည်မဟုတ်ပါ။ ထိုအရာ၏ အရင်းအမြစ်မှာ ယုံကြည်သူတို့အသက်တာတွင် ယုံကြည်ခြင်းအရာ၌ ကပြားဖြစ်နေကြသော ပြဿနာရပ်ကြောင့်ပင်ဖြစ်ပါသည်။ အယောက်စီတိုင်းကို ဘုရားသခင်ကောင်းကြီးပေးပါစေ။ '

**ယုံကြည်သူတို့အသက်တာတွင်**

**ယုံကြည်ခြင်း အရာ၌**

**ကပြားဖြစ်နေကြသော ပြဿနာရပ်**

# 'အတုရှိနေတယ်'



ငါ့အနားမှာ ချစ်သူမရှိလည်း
ငါမလွမ်းဘူး
စစ်ကူမရှိလည်း
ငါမပန်းဘူး
သူငယ်ချင်းတွေမရှိလည်း
ငါမရှူးဘူး
မိဘတွေစွန့်ပစ်လည်း
ရှုံးပွဲချမငိုဘူး
ငါ့အနားမှာ မီးရထားကြီးဖြတ်မောင်းလည်း



ငါသွေးမပျက်ဘူး
ငါ့အရှေ့လေယာဉ်ကြီး
ပျက်ကျလာရင်တောင်
ငါမရှောင်ဘူးကွာ
ငါ့အနားမှာ ခရစ်တော်ရှိတယ်
ရင်ထဲမှာ သန့်ရှင်းတဲ့ဝိညာဉ်တော်ဘုရားရှိတယ်
အစဉ်အမြဲကာကွယ်တဲ့
ခမည်းတော်ဘုရား ရှိနေမှာပါကွာ

ကြည်ထွန်းစံ (3M- ၂၀၀၇)

# 'လုံခြုံမှု'

စောနေထူး (ဦးတို)

ကျေးဇူးတော်ကြောင့် ဝေငှခွင့်ပြင်ဆင်ပေးတော်မူသော ဘုရားသခင်၏နာမတော်အား ချီးမွမ်းပါသည်။(အာမင်)

ဦးစွာအခြေပြုနှုတ်ကပတ်တော် များအား ဆင်ခြင်နှလုံးသွင်းကြပါစို့။

ဆာ၊ ၄၆း၁-၆ -သင့်အသက်တာ၌ပထမဦးစွာ တွေ့ထားသောလုံခြုံမှုတနေရာ။

ဆာ၊ ၄၇း၁၊၂၊၇- သင်ချီးမွမ်းရန် ဘုရားသခင်အလွဲအဆုံးသတ်ထားသည်။

မ၊ ၂၄း၁၅-၁၈- သင်ဖြစ်သည်အတိုင်း သင်ဖြစ်ပါ။

မ၊ ၁၆း၂၅ - လုံခြုံမှုအတွက်နောက်တခုမရှိကြောင်း ခရစ်တော်အာမခံသည်

၁တိ၊ ၆း၉-၁၀- ငွေကိုရှာပါ။ ပြီးမှဝမ်းမမြောက်နှင့် ၊ မရှိလို့မဖြစ်တာထက် မဖြစ်လို့မရှိတာလူရဲ့အဓိပ္ပာယ်ပါ။ အခြေပြုထားသော နှုတ်ကပတ်တော်မြတ်အားဖြင့် ချစ်သောမိတ်ဆွေညီအကိုမောင်နှမများအသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏အလင်းပေးခြင်းရရှိမှာဖြစ်ပါတယ်။ လုံခြုံမှုဆိုတာ လူတိုင်းအတွက် လိုအပ်တယ်ဆိုတာ ကျွန်တော်ကိုယ်တိုင်နားလည်ထားပါတယ်။ ဒီ့အတွက်ကြောင့် အဆွေ အထူးကျွန်တော်ပြောဖို့မလိုအပ်ဘူးလို့ယုံကြည် တယ်။ ရည်ရွယ်ချက်နဲ့အသက်ရှင်နေသူတိုင်း အတွက် လုံခြုံမှုအတွက် ရှာဖွေတယ်။ ပြင်ဆင်တယ်။ ဒီအချက်တွေဟာ ကမ္ဘာပေါ်နေ လူသားတိုင်းရာနှုန်းပြည့်ပါဝင်ကြောင်း မငြင်းဆန်နိုင်ပါ။ ဘဝအသက်တာ လုံခြုံစိတ်ချဖို့အတွက် ရှာဖွေခြင်းနည်းလမ်းခြားနားခြင်းရှိကောင်းရှိမည်။ ဒါပေမဲ့ စိတ်နှလုံးထဲမှာ ငါ့ရဲ့ဘဝအသက်တာအတွက် လုံခြုံမှုဘာလုပ်မလဲ၊ ဘာလုပ်မှဖြစ်မယ်ဆိုတဲ့မေးခွန်းကိုယ်စီကိုယ်စီရှိနေမယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ ဟုတ်ရဲ့လားမဟုတ်ဘူး ဆိုတာ မိတ်ဆွေကိုယ်တိုင်မိတ်ဆွေဆုံးဖြတ်ပါတော့။

အနာဂတ်ကိုတန်ဘိုးထားတဲ့လူတွေတိုင်း ငါလက်ရှိလုပ်နေတဲ့ငါ့အလုပ်၊ ငါ့ဘဝ၊ အသက်တာအတွက် ငါ့မိသားစုအတွက် ဘယ်လောက်ထိလုံခြုံမှုအာမခံချက်ပေးနိုင်လဲ။ တကယ်လို့များ ငါအငြိမ်းစားယူရမဲ့အချိန်ကျရင်လုံခြုံမှုရောပေးနိုင်ပါ့မလားဆိုတဲ့တွေးခေါ်မှု၊ ဆင်ခြင်မှုအာရုံ များမလွဲစုစည်းထားမယ်လို့ ကျွန်တော်ယူဆပါ တယ်။

ဒီအတွက်ကြောင့် လုံခြုံမှုနှင့်သက်ဆိုင် တဲ့သွန်သင်ချက်များ ၊ သမ္မာကျမ်း၏ လမ်းပြမှု ကို ကျွန်တော်ခံရပါသည်။ နှုတ်ကပတ်တော်ရဲ့ ဆိုလိုချက်နှင့် ကမ္ဘာပေါ်ရှိ

အခြေအနေကို သုံး သပ်နိုင်းယှဉ်မိတဲ့အခါမှာ ကျွန်ုပ်အတွက် သင့် ကိုသတိရစေသောအခွင့် အရေးတခု၊ ဘုရားသခင်ကျွန်ုပ်ကို ကျေးဇူးပြုပါသည်။ ကမ္ဘာ့အခြေအနေ၊ တိုင်းနိုင်ငံအခြေအနေ၊ လူသားတွေရဲ့အခြေအနေစုစည်းမြင်လာတဲ့အခါမှာ သင့်အတွက် ကျွန်ုပ်သတိပေးသင့်ကြောင်း အဖြေထွက်ပါသည်။သင်သိထားပြီဆိုရင်လည်း ကျွန်ုပ်ကိုခွင့်လွှတ်ပါ။သင်နားလည်ပြီးသားအရာများ ကျွန်ုပ်အနေနဲ့ ပြောမိရဲ့သားဖြစ်နေမယ် ဆိုရင် ကျွန်တော့်အတွက်ဆုတောင်းပြီးပြန် ကူညီပါ။ ဤထက်မကနက်နဲတဲ့ဖွင့်ပြမှု့ရစေရန် သင်ကူညီပေးဖို့နာမတော်မြတ်၌မျှော်လင့်သည်။ နားနဲ့မနာ၊ ဖဝါးနဲ့နာဆိုရိုးအတိုင်း မိတ်ဆွေကို ကျွန်တော် အခွင့်တောင်းပါသည်။

သင့်ကိုခပ်ညံ့ညံ့ပုဂိုလ်တဦးအဖြစ်မရည်ညွှန်းပါ။ သင်သည်ဘွဲ့ရပညာတော်အရည်အချင်းပြည့်ဝကြောင်း နားလည်ပါသည်။ သတိဟူသည် ပိုသည်မရှိဟူသော ဆောင်ပုဒ်ကျွန်ုပ်ခဏငါးသုံး ပါရစေ။ မမှားဖူးသောရှေ့နေ၊ မသေဖူးသောဆေးသမား စကားပုံလေးသင်မှတ်မိမှာပါ။ ဒီလောက်ဆိုသင့်ကိုကျွန်ုပ်ဆရာမလုပ်ကြောင်းနားလည်မှာပါ။ သမ္မာကျမ်းစာအရ ဥပမာ ပုဂိုလ်တဦးဖြစ်သောဒါဝိဒ်ကိုကြည့်ပါ။ အင်မတန်မှ သတိပညာရှိသူတဦးအဖြစ်မှတ်တမ်းပြုထားခြင်း ခံရပါသည်။ ၁ရာ၊ ၁၈း၁၄၊၁၅ အရ "အလွန်သတိပညာ"နှင့်ပြုမူသည် ဟူ၍ သုံးထား ပါသည်။ "အလွန်" ဆိုတဲ့စကားလုံးဟာ အင်မတန်မှမှတ်သားလောက်ပါတယ်။ ဘုရားသခင်ဟာ ဒါဝိဒ်ကို ချီးမြှောက်ထားသော



စကားစုပါ။ ရှောလုရဲ့မကောင်းကြံခြင်းအမျိုးမျိုးအကြိမ်ကြိမ်များစွာထဲက သတိပညာနဲ့ရှောင်နိုင် သော ဒါဝိဒ်ဟာရန်လဲမပြု၊ ပြဿနာလဲမရှာ ဗာသရှေဘရဲ့မေ့ဆေးပေးခြင်းခံသွားရပြီးစစ်ရှုံး သွားတာမှတ်လောက်ပါတယ်။ မသိ၍မေ့တာဟာ ခံရကောင်းပါတယ်။ခွင့်လွှတ် လို့လဲရပါတယ်။ သိသိကြီးနဲ့မေ့သွားတာ အင်မတန်မှ ခံရခက်ပါတယ်။ ခွင့်လွှတ်ရန်လဲမသင့်တော်ဘူးလို့အဖြေထွက်ပါ သည်။ ထို့ကြောင့် ဤအကြောင်းလေးတွေထောက်ရှု့ဆင်ခြင်မိတဲ့အတွက်ကြောင့် သတိထားစေချင်သည့် ဆန္ဒတခုကြောင့်ပါ။ ဒီနေ့ ကမ္ဘာနဲ့အဂ္ဂမ်း အခြေအနေတွေဟာ အင်မတန်မှသတိချပ်ဆင်ခြင်စရာဖြစ်လာနေပါပြီ။ တနေ့တခြား သတိကြီးစွာနဲ့

နေထိုင်သွားလာ လုပ်ကိုင်ဖို့အချိန် ဖြစ်နေပြီ
လို့ မှတ်ချက်ချချင်ပါတယ်။ သမ္မာကျမ်းစာ၏
တဒေါင့်တနေရာမှဆိုလိုခြင်း ဖြစ်ပါသည်။ သ
မ္မာကျမ်း၌ ဘုရားသခင်မိန့်မှာသည့်အတိုင်း
လောကကမ္ဘာမြေကြီး ပျက်စီးမယ်၊ စီရင်ခြင်းခံ
ရမယ်ဆိုတာ မိတ်ဆွေကို အထွေအထူးကျွန်ုပ်
ပြောရန်မလို။ သိပ္ပံပညာတိုးတက်တတ်ကျွမ်း
တဲ့အင်အားကြီးနိုင်ငံများမှသိပ္ပံပညာရှင်ကြီးများ
လေ့လာသိရှိချက်အရ ကမ္ဘာမြေကြီးစာပျက်စီး
ဖို့၊ တနေ့တခြားနီးလာနေကြောင်း လေလှိုင်းမှ
၂သော်ငှင်း၊ စာပေမှသော်ငှင်း၊ အသိပေးထား
ခြင်းသည် နှစ်ပေါင်းကြာခဲ့ပြီးဖြစ်ပါသည်။ ဒီအ
ခြေအနေတွေကြောင့် ကမ္ဘာမြေကြီးဟာလုံခြုံမှု
မပေးနိုင်တော့ဘူး၊ လုံခြုံမှုမရှိတော့ဘူးဆိုတာ
သိလာတဲ့ ကမ္ဘာသိပ္ပံပညာရှင်အင်အားစုကြီး
များဟာ လောကကမ္ဘာမြေကြီးကို စွန့်ခွာပြီး
အာကာသ လကမ္ဘာပေါ်သို့ လုံခြုံမှုရှာလာကြ
တယ်။ ယခု အချိန်ဆိုလျှင်အောင်မြင်စရှိနေ
ပါပြီ။ လကမ္ဘာပေါ်သို့အကြိမ်ကြိမ်တက်ရောက်
နေ ကြောင်း ကမ္ဘာ့အသိဖြစ်နေပါပြီ။ ဒီအမှုအ
ရာဟာ ကမ္ဘာမြေကြီးရဲ့ပျက်စီးမှု တစိတ်တဒေ
သရည်ညွှန်းတဲ့နိမိတ်လက္ခဏာတခုလို့ယူဆချင်ပါ
တယ်။ မသိသူကျော်လွှား၊ သိသူဖေါ်စားဆိုရိုး
ကိုမမေ့သင့်ပါ။ ယခုအချိန်ဆိုသာ၍သိသာလာ
ပါပြီ၊ ကမ္ဘာမြေပထဝီ၏အိုဇုံးလွှာလျော့နည်း
ပျက်ပြားမှု၊ ကမ္ဘာကြီးပူနွေးလာမှုတနှစ်ထက်တ
နှစ် အပူအားပြင်းလာမှုတွေမိတ်ဆွေကိုယ်တိုင်
ခံစားရမှာဖြစ်ပါတယ်။ တချို့သောမြို့ရွာဒေသ
တွေဆို အပူဒဏ်ကိုအ ကြီးအကျယ်တွေ့ကြုံ
ရင်ဆိုင်နေရကြပါတယ်။ ဒီအဖြစ်အပျက်တွေ
သင်သိချင်မှသိမှာပါ။ ဘာကြောင့်လဲဆို လော
ကရဲ့ခဏတာလုံခြုံမှုစည်းစိမ်သင်ရရှိထား တဲ့
အချိန်ရောက်ကောင်းရောက်နေမယ်လို့ ကျွန်
တော်သင့်ဘက်ကနေ၍ကိုယ်ချင်းစာပါတယ်။
အပူဒဏ်ခံစားနေရသောမြို့ရွာတနေရာက သင်
၏ညီအကိုမောင်နှမများဖြစ်သော ကိုယ်နှင့်အ
မျှစပ်ဆိုင်သော ခရစ်တော်၌ညီကိုတော်များစွာ
ခံစားရချိန်မှာ သင်သည် အဲယားကွန်း၊ ရေခဲ
သေတ္တာ၊ လေပန်ကာများနှင့်စံမြန်းရချိန်ဖြစ်
ကောင်းဖြစ်ပါလိမ့်မည်။ တချို့သောဒေသမှာ
ရေခန်းခြောက်မှု တွေ့ကြုံနေရပါတယ်။ ယခင့်
ယခင်နှစ်များဆို 'လေး-ငါး -ဆယ်ပေလောက်
ရရှိနိုင်တဲ့ရေ၊ ယခုဆိုပေမြောက်များစွာ တူးရ၊
လများစွာသောက်ရသော ရေတွင်းရေကန်လအ
နည်းငယ်လေးနဲ့ခန်းခြောက် သွားနေကြောင်း
ကျွန်ုပ်ကိုယ်တိုင်အတွေ့အကြုံများစွာတင်ပြသက်
သေခံများစွာ ပေးနိုင်ပါတယ်။

တနှစ်ထက်တနှစ် အုံးပင်၊ သရက်
ပင်၊ မြောက်များစွာသောအပင်တွေ ရေခန်း
ခြောက်မှု ကြောင့် သေကြေပျက်စီးနေသောအ
ခြေအနေများ၊ ဒေသ များစွာ ရှိနေပါတယ်။ ဒ
ီအခြေအနေတွေသင်သိလျှင် ကျေးဇူးတင်ပါ
သည်။ ဝိညာဉ်သဘောနဲ့ နားထောင်မည်ဆို
နေဟမိကဲ့သို့ သင်ခံစားရမှာပါ။ သူတို့ရဲ့အ
ခြေအနေ၊ သူတို့ရဲ့အခက်အခဲ၊ ခံစားချက်၊
သင့်နှလုံးသား၌ခံစားချက်တခုရရှိသွား မှာဖြစ်
ပါတယ်။ (ဟာလေလုယာ)။ နှလုံးသားနှင့်ခံယူ
ကျင့်သုံးခြင်းဟာ သင့်ဘဝအသက်တာအတွက်
သမ္မာတရားကိုပြုစုသူဖြစ်ပါသည်။ ဝိညာဉ်အ

လွမ်းခေတ်နှင့် ခံစားနားဆင်တတ်ရင် အမြဲ
တမ်း သတိရစရာဖြစ်သွားမှာပါ။ ကမ္ဘာ့အခြေ
အနေနှင့် သေးငယ်ရိုးသားတဲ့ ဥပမာ လေးတခု
ပါ။ မိတ်ဆွေကိုကျွန်တော်အညွှံစားတယောက်
မဟုတ်ကြောင်းသိပါသည်။ အထူးသဖြင့် ယုံ
ကြည်သူတဦးဖြစ်မည်သိသောကြောင့် သာ၍
လေးစားသည်။ သာ၍အထင်ကြီးသည်။ သမ္မာ
ကျမ်းတချက်နှင့်အညီ ကျွန်တော်သင့်ကို တန်
ဘိုးထားသည်။ သင်သည် 'မင်းစည်းစိမ်ရှိသော
ယဇ်ပုရောဟိတ်အမျိုးဖြစ်ပါတယ်' ဒီနေ့ခေတ်
အခြေအနေတိုးတက်ရှိနေသည့်အတွက်ကြောင့်
သင်သည်သာ၍ကျွန်ုပ်ထက်ကမ္ဘာ့ရဲ့အခြေအနေ
တွေ၊ တိုင်းနိုင်ငံရဲ့အခြေအနေတွေ ကျွန်တော့်
ထက် ဦးစွာသိမည်။ ပို၍သိမည်။ သင်သည်
''အီးမေး'၊ 'အင်တာနက်' နှင့်အကျွမ်းဝင်နေသူ
ဖြစ်မှာပါ။ သင်နားလည်ဖို့အတွက် ကျွန်ုပ်မ
သွန်သင်ပါ။ သင်မမေ့ဖို့နဲ့သမ္မာကျမ်းစာရည်
ညွှန်းချက်ကို မမေ့ဖို့ကူညီသူပါ။

ဒီနေ့လောကီသားတို့သည် မိမိ
တို့၏လုံခြုံမှု့ကို မိမိတို့၏ပညာ၊ မိမိတို့၏
ဉာဏ်၊ ထင်ကြေးတွေနဲ့ရှာဖွေနေကြပါ တယ်။
မှားယွင်းစွာ ယုံကြည်မှုတွေနဲ့လုံခြုံမှုရှာဖွေနေ
သူထဲမှာ သတိလက်လွှတ်ဖြင့် သင်မပါဝင်မိဖို့၊
ကျွန်ုပ်ကူညီသတိပေးပါရစေ။ လကမ္ဘာပေါ်မှာ
လုံခြုံမှုရှာဖွေတည်ဆောက်နေ သူကိုအတုမယူ
မိဖို့၊ တိုင်းနိုင်ငံတွေကို မိမိတို့၏လုံခြုံမှုဖြင့်
ထားရှိသူများနည်းတူမဖြစ်ဖို့၊ ဒေါ်လာငွေကြေး
သာလျှင် အောင်မြင်ခြင်းဟု တိုးတက်ခြင်းဟုမ
ယုံကြည်သူတွေလို မရှာဖွေ မိဖို့၊ လကမ္ဘာပေါ်
မှာ ဗာဗုလုန်ရဲတိုက်ကြီးဆောက်နေသာ သိပ္ပံပ
ညာရှင်တွေလို ကျွန်တော်တို့လဲ ကမ္ဘာ၊ နိုင်ငံ၊
ငွေ ကြေး၊ လူမျိုးများ ကိုအခြေထားပြီး လုံခြုံမှု
ဗာဗုလုန်ရဲတိုက် မဆောက်မိဖို့ရန် ကျွန်ုပ်
တိုက်တွန်းနှိုးဆော်ပါရစေ။ အာကာသလကမ္ဘာ
လုံခြုံမှုမရ၊ လောက ကမ္ဘာမ ရ၊ နိုင်ငံမရ၊ ရှင်
ဘုရင်လူမျိုး ဘယ်အရာမှလုံခြုံ မှုမရနိုင်၊ အား
လုံးပျက်စီးကျွမ်းလောင်အရည် ပျော်လိမ့်မည်။
အာကာသကောင်းကင်မြေကြီး ဘုရားသခင်ရဲ့
မဟာတန်ခိုးတော်ကြောင့် ပျောက်ကွယ်သွား
ပါလိမ့်မည်။(ဘုရားရှင်နာမ သာ၍ဘုန်းကြီးပါ
စေ) ။

ဖေါ်ပြချက်အားလုံး ခေတ္တယာယီလုံခြုံမှု
ဟု နားလည်ပါ။ မိမိ၏အစွမ်းနှင့်အောင်မြင်နိုင်
ရန် သင်၌ကြိုးစားကြံစည်ခြင်းထက် သမ္မာကျမ်း
၏အဆုံးအမကိုခံယူပြီး အစပြုပါ။ (မ၁၆း၂၅)
အကယ်၍ ဘုရားသခင်ပေးသောလုံခြုံမှုထက်
အခြားသောတနေရာရာမှာ လုံခြုံစိတ်ချမှုသင်
တွေ့ပါက ကိုယ်နှင့်စပ်ဆိုင် သောသူကို ကိုယ်
နှင့်အမျှချစ်ပါဟူသော ခရစ်တော်၏ရွှေပညတ်
တော်ကိုသတိရပြီး အားလုံးကိုခေါ်ဆောင်သွား
ဖို့မမေ့ပါနဲ့။ သင်တယောက်တည်း အသက်ရှင်
ဖို့ ကမ္ဘာဦးကပင် ဘုရားသခင်မရည်ရွယ်ပါ။
သင်တယောက်တည်း လုံခြုံစိတ်ချရန်ကောင်း
ကင်ရွှေပြည်ကိုမပေးပါ။ အဆုံးနိဂုံး၌သင်နေ
ထိုင်သောကမ္ဘာ၊ သင်နေထိုင်သောနိုင်ငံ၊ သင့်
တိုက်၊ သင့်ကား၊ ဘုရားသခင်က အလွဲလုံခြုံမှု
မပေးနိုင်ဘဲ ပျက်စီးရာအပုံပုံဟုနားလည်ရင်း၊
အရာရာ၌သမ္မာကျမ်း၌သာ ရှင်းလင်းပြတ်သား
သော ခွဲခြားပိုင်းခြားခြင်း၊ ဉာဏ်ပညာဘုရားသ
ခင်ကောင်းကြီးသာ၍သွန်းလောင်းပါစေ(အာမင်)။

# ' ဆာငတ်မှုရှိသူတိုင်းအတွက်. . '

၁။ ကမ္ဘာကြီးဟာ ပြိုတော့မဲ့မိုးပမာ
ငိုမဲ့မဲ့ မျက်နှာထားနဲ့ ခံစားနေရတာကို တွေ့ရတယ်။ ။
ကမ္ဘာပေါ်ရှိ ပုပုရွရွသတ္တဝါတွေလဲ
သူနိုင်ငါနိုင် ယှဉ်ပြိုင်လို့
သတ်ဖြတ်နေကြတာကို တွေ့ရတယ်။ ။

၂။ ဒီတော့. . . .
လက်ရာတော်တွေလဲ ပျက်သုဉ်းပြီ
သမ္မာတရားတွေလဲ ဆွေးမြေ့ပြီ
မေတ္တာတရားတွေလဲ ယိုယွင်းလို့
ယုံကြည်ခြင်းတွေ ကင်းမဲ့ကြပြီ

၃။ ဒါကြောင့်. . .
မြက်စားတဲ့သတ္တဝါတွေလဲ အစွယ်ထွက်ပြီ
ဖားချင်းဖားတွေ ကိုက်စားပြီ
ကျားချင်းကျားတွေသတ်စားပြီ
မြွေချင်းမြွေတွေလဲ မျိုကြပြီ

၄။ သြော်. . .
ခိုလှုံရာမဲ့ဖြစ်နေတဲ့လောကကြီးထဲမှာ
အနိဋ္ဌာရုံ ကြမ္မာဆိုးတွေနဲ့
လျှောက်လှမ်းခဲ့မရေရာ
တွေဝေကာ ဘဝအမှောင်တိုက်မှာ
ယောင်ချာချာမွန်းကာကျပ်ပြီမို့
အေးမြတဲ့အသက်စမ်းရေကို
ဆာလောင်မှုကင်းမဲ့စေဖို့
ယေရှုရှင်ပြင်ဆင်ပေးခဲ့
" ရေငတ်သောသူလာပါစေ၊
အလိုရှိသောသူအဘိုးမပေးဘဲ အသက်ရေကိုယူပါစေ "

ဘုန်း (တွံတေး)